# မြောက်ပိုင်းမဟာမိတ်အဖွဲ့ (KIO/KIA ၊ PSLF/TNLA ၊ MNTJP/MNDAA ၊ ULA/AA ) တို့၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ၊   ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်

၁။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၁) ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး နှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်နှင့်ပတ်သက်၍ မြောက်ပိုင်းမဟာမိတ်အဖွဲ့ (KIO/KIA ၊ PSLF/TNLA ၊ MNTJP/MNDAA ၊ ULA/AA) ထိပ်သီးခေါင်းဆောင်များသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက်နေ့တွင် အစည်းအဝေးကျင်းပခဲ့ကြပြီး ယင်းထုတ်ပြန်ချက်သည် တွေ့ဆုံဆွေးနွေးရေးလမ်းစဖြစ်သည်ဟု ရှုမြင်သုံးသပ်ပါသည်။

၂။ မြန်မာအစိုးရ၊ မြန်မာ့တပ်မတော်နှင့် တွေ့ဆုံဆွေးနွေးရာတွင် မြောက်ပိုင်းမဟာမိတ်အဖွဲ့ (KIO/KIA ၊ PSLF/TNLA ၊ MNTJP/MNDAA ၊ ULA/AA ) (၄) ဖွဲ့ အတူတကွဆွေးနွေးသွားမည်။ တွေ့ဆုံဆွေးနွေးပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း ကျင်းပသွားမည်။

၃။ မြန်မာအစိုးရ၊ မြန်မာ့တပ်မတော်နှင့် ဆွေးနွေးပွဲတိုင်းတွင် FPNCC အဖွဲ့ဝင်များဖြစ်ကြသော UWSP/UWSA ၊ SSPP/SSA ၊ PSC/NDAA အဖွဲ့များမှ အသိသက်သေများ ပါဝင်တက်ရောက်ရန် စီစဉ်သွားမည်။

၄။ မြန်မာနိုင်ငံတော်သမ္မတမှ မြန်မာ့တပ်မတော်၏ စစ်တိုင်းများအားလုံးတွင် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများအားလုံးကို တစ်ပြိုင်နက်တည်းရပ်ဆိုင်းပေးရန် တောင်းဆိုသည်။

၅။ ရခိုင်ဒေသအတွင်း မြန်မာ့တပ်မတော်က မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်ဖြစ်သော ULA/AA အား ထိုးစစ်ဆင်တိုက်ခိုက်နေမှုများ အမြန်ဆုံး ရပ်တန့်ပေးရမည်။

၆။ မြန်မာအစိုးရနှင့် မြန်မာ့တပ်မတော်က အထက်ပါ နံပါတ် (၄) နှင့် (၅) တို့အား အကောင်အထည်ဖော်ဆောင်ရွက်ပေးပါက မိမိတို့မြောက်ပိုင်းမဟာမိတ်အဖွဲ့မှလည်း စစ်ဆင်ရေးလှုပ်ရှားမှုများကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ဆက်သွယ်ရန် -

ဗိုလ်မှူးချုပ်တားဘုန်းကျော် - (+၈၆) ၁၈၃၁ ၃၄၆၈ ၇၇၃၀

မြောက်ပိုင်းမဟာမိတ်အဖွဲ့ (KIO/KIA ၊ PSLF/TNLA ၊ MNTJP/MNDAA ၊ ULA/AA )